

# မောင်နှင်းသွေ

## ပီး နဂါး နှင့် ထိပ်ပြာကိုင်း

မူရင်းစာရေးဆရာ - နီဂွမ်း

မူရင်းပစ္စာ - စစ်အောင့်ရယ်

အသစ်စက်စက် ၈/ဆုံး လုံးချင်း

# အခန်း(၁)

လေတဟူးဟူးတိုက်ခိုက်နေသည့် ဝါးတောထဲသို့ လူတစ်ယောက် ဝင်ရောက်လာ၏ ။ ထိုသူမှာ ပိန်ပိန်းပါးပါး၊ မျက်နှာသွယ်သွယ်နှင့် အညိုရောင်ကိုယ်ကြပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

“ရှဲ..ရှဲ..ရှဲ”

ဝါးပင်များသည် ပြင်းထန်သော လေအဟုန်ကြောင့် ဘယ်ညာယိမ်းထိုးနေ၏ ။

“ဒီအတိုင်းဆိုရင် မိုးရွာဦးမယ်ထင်တယ် ဒုက္ခပါပဲ”

လေပြင်းတိုက်နေသည့်ကြားမှပင် ဝါးပင်များကြားသို့သွက်လက်သော ခြေလှမ်းများဖြင့် ပြေးဝင်လာခဲ့သည်။

ထိုစဉ်မှာပင် အော်သံတစ်သံကို သူကြားလိုက်ရ၏ ။

“အောင်မယ်လေး”

“ဟင်”

သူ့အနီးမှ အော်သံပင် ဖြစ်သည်။ သူသည် ဝါးပင်များကြားထဲသို့ လှည့်ပတ်ရှာဖွေ ကြည့်လိုက်သည်။

“ကျွတ်..ကျွတ်..ကျွတ်”

ညည်းညူးသံမှာ သူ့အနီးမှ ဖြစ်သည်။ ထပ်၍ ကြားရသည်။

ထို့ကြောင့် သူ မြေပြင်ကို ငုံ့ကြည့်လိုက်လေသည်။

"ဟင်"

ထိုအခါတွင် ထိတ်လန့်အံ့သြစရာကောင်းလောက်သော မြင်ကွင်းတစ်ခုကို သူ တွေ့မြင် လိုက်ရတော့၏ ။ ထိုမြင်ကွင်းမှာ သူ ကြာကြာရပ်ကြည့်၍ မဖြစ်နိုင်သော မြင်ကွင်း။

မိန်းကလေးတစ်ယောက် ကျင်းတစ်ကျင်းထဲ ကျနေခြင်းဖြစ်သည်။ ကျင်းက တကယ့် ကြောက်မက်ဖွယ်ရာ ထောင်ချောက်ဆင်ထားသည့် ကျင်းပင်ဖြစ်လေသည်။ ကန်တော့ပုံအဂ ကျယ်သည်။ အောက်ခြေတွင် ကျဉ်းမြောင်းသွား၏ ။ မည်မျှအထိ ကျဉ်းသနည်း ဆိုလျှင် နှစ်တောင်ခန့်မျှသာ ရှိတော့သည်။

အောက်ခြေတွင် အဆိပ်ပါသော ဖြူဆူးလို သံချွန်များကို ထောင်ထား၏ ။ အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးမှာ အောက်ခြေသို့မရောက်မီ ခြေနှစ်ဖက်လက်နှစ်ဖက်ကန်ကာ အားတင်း နေရခြင်းဖြစ်သည်။ ကျင်းက အပေါ်သို့ အဂကျယ်ကျယ်လာ၍ သူမ ဆက်မတက်နိုင် ဖြစ်နေသည်။

"အား...ကျွတ်...ကျွတ်...ကျွတ်"

ကျင်းနှုတ်ခမ်းသားနှစ်ဖက်ကို ခြေနှင့်လက်များကန်ကာ ထားရသော မိန်းကလေးက အတွင်းအားလျော့ပါးလာ၍ ညည်းညူလိုက်သည်။

"ဟော့..မင်း ကြိုးစားပြီးအားတင်းထားပါ"

"ရှင်"

"ငါ အခုပဲ လာခဲ့မယ်"

"ကျွန်မ...ကျွန်မ...ခြေတွေလက်တွေ တွန်းအား မရှိတော့ဘူး"

"ဘာဖြစ်ဖြစ် မင်းအသက်အတွက် မင်းအားတင်းထား ငါခု

ကယ်လို့ရအောင် စီစဉ်မယ်”

“ဟုတ်…ဟုတ်ကဲ့”

မိန်းမပျို၏ အသံမှာ ထိတ်လန့်နေ၏ ။ အညိုရောင်ဝတ်စုံ ဝတ်ထားသော လူငယ်က သူ့ကျောမှာ ဓားကိုဖြုတ်ကာ ဝါးပင်တစ်ပင်ကို
ခုတ်ပိုင်းလိုက်လေတော့သည်။

“ဖောင်း…ဖျောင်း…ဖျောင်း”

“ဝုန်း”

မကြာမီ ဝါးပင်တစ်ပင် လဲပြိုကျလာတော့သည်။ အညိုရောင်ဝတ်စုံနှင့် လူငယ်က ဝါးပင်၏ အဖျားပိုင်းကိုဖြတ်ကာ ခုတ်ပိုင်းလိုက်၏ ။

“ရှပ်”

“ဖျောင်း”

တစ်ချက်တည်းနှင့် ဝါးပင်သည် ပြတ်တောက်သွားပြန်လေတော့၏ ။ ထို့နောက် ဝါးပင် အလယ်ပိုင်းကို ကျင်းထဲသို့ ထိုးကာချပေးလိုက်သည်။

“ကဲ…မင်း အဲဒီ ဝါးပင်ကို တွယ်ပြီး တက်ခဲ့ပေတော့”

“ကျေးဇူးပြုပြီး ကျွန်မကို ဆင်းပြီးဆွဲခေါ်ပါလား၊ ကျွန်မ အား လုံးဂမရှိတော့လို့ပါ”

အညိုရောင်ဝတ်စုံနှင့်သူက ဝါးတိုင်မှ လျှောကာဆင်းလိုက်လေသည်။ သူသည် မိန်းမပျို၏ ကျောဖက်မှ ဆင်းလိုက်ခြင်းဖြစ်၏ ။

ခြေနှစ်ဖက်လက်နှစ်ဖက် ကားထားသော မိန်းကလေး၏ နောက်မှ ဘယ်လက်ဖြင့် ခါးကိုသိုင်းဖက်လိုက်၏ ။

“ကဲ…မင်းရဲ့အားစိုက်တဲ့ အလုပ်တွေ လွှတ်လိုက်တော့”

“အင်း”

*

# အခန်း(၂)

“ဟာ…မဖြစ်ဘူး”

အညိုရောင်ဝတ်စုံနှင့် လူငယ်၏ နှုတ်မှ အသံတစ်သံ ထွက်လာသည်။

“ဘာလဲရှင့်”

“မင်းကို ငါ ဒီလို လက်တစ်ဖက်နဲ့ ပွေ့ထားတော့ ဝါးလုံးကို လက်တစ်ဖက်နဲ့ကိုင်ပြီး ငါ ဘယ်လိုလုပ်တက်မလဲ”

“ဒုက္ခပါပဲရှင်”

“ငါ အကြံရပြီ”

“ဘာလဲ”

“မင်းရဲ့ခါးကို ငါ ဖက်ထားတာ လွှတ်လိုက်မယ်”

ထိုစကားကြောင့် မိန်းမပျိုမှာ ထိတ်လန့်သွားသည်။

“လွှတ်ချလိုက်ရင် အောက်က မိုးပြာဂိုဏ်းရဲ့အဆိပ်ဆူးတွေထဲ ကျပြီးတော့ ကျွန်မ သေမှာပေ့ါရှင်”

“ဟင်း…ကျုပ်လဲ ဘယ်လိုလုပ်ရမှန်း မသိဘူး”

အညိုရောင်ဝတ်စုံနှင့် လူငယ်မှာ ဘယ်လက်တစ်ဖက်နှင့် မိန်းမပျို၏ ခါးကိုဖက်ကာ သူ၏ ခြေနှစ်ဖက်က ဝါးလုံးကိုညှပ်ထားရပြီး ကျန်လက်တစ်ဖက်က ဝါးလုံးကို လူနှစ်ကိုယ်စာ ကိုင်ထားရသေးသည်။

“ဒီမှာရှင့်”

“ဘာလဲ”

“ရှင် ယောကျ်ားအားနဲ့ မိန်းကလေးတစ်ယောက်ကိုတောင် ပွေ့ချီပြီး အပေါ်မတက်နိုင် ဘူးလား”

“အင်း...တောင်ပေါ်ဆိုရင်တော့ တက်နိုင်တာပေ့ါ ခုဟာက ဝါးလုံးလေ”

အညိုရောင်ဝတ်စုံနှင့် လူငယ်၏ အဖြေကသဘာဝကျနေသည်။

“ကဲ...ဒါဆို ကျွန်မ တစ်ခုပြောမယ်”

“ကဲ...မြန်မြန်ပြော ကြာရင် ငါလဲ မင်းလို လက်တွေခြေတွေ အံ့သေပြီးတော့ တွင်းအောက်ခြေ ကျသွားနိုင်တယ်”

“ကျွန်မ ရှင့်ဖက်ကို တဖြည်းဖြည်းလှည့်ပြီး ရှင့်ကျောကို ပိုးလိုက်မယ်လေ၊ ဒါဆိုရှင် ဝါးလုံးကို လက်နှစ်ဖက်ခြေနှစ်ဖက်နဲ့ ကိုင်တွယ်တက်ဖို့ အားရှိတာပေ့ါ”

“ဟာ...ဟုတ်တယ် မင်းက ဉာဏ်ရှိသားပဲ”

“ရှင် လက်မြဲမြဲကိုင်ထား၊ ကျွန်မ ရှင့်ပခုံးကို တဖြည်းဖြည်းလှည့်ကိုင်မယ်”

မိန်းမပျိုက သူမကိုယ်လေးကိုစောင်းကာ လှည့်၍ ကိုင်လိုက်လေသည်။ ထိုအခါ ပခုံးတစ်ဖက်တစ်ချက်ကို မိမိရရ ကိုင်မိသွားလေတော့၏ ။

“ဟော့...ဟော့ ငါ့လက်ကျိုးတော့မယ်”

အညိုရောင်ဝတ်စုံနှင့်လူက အထိတ်တလန့် အော်လိုက်လေတော့သည်။

“ရပြီရှင့်...ရှင့်လက်ကို လွှတ်လိုက်တော့”

မိန်းမပျိုမှာ ခြေနှစ်ဖက်ခွ လက်နှစ်ဖက်နှင့် ကလေးငယ်လို

အညိုရောင်ဝတ်စုံနှင့် လူ၏ ကျောဖက်မှ လည်ပင်းကိုသိုင်းဖက်ထား၏။

“လည်ပင်းအစ်မယ်ကွာ…မင်းကလဲ ကလေးကျနေတာပဲ”

“ခစ်…ခစ်…ခစ်”

မိန်းမပျိုထံမှ ရယ်သံလွင်လွင်လေး ထွက်ပေါ်လာလေ၏။

“မင်း ဘာရယ်တာလဲ”

“ရယ်စရာကောင်းလို့ပေ့ါရှင်”

ပြောပြောဆိုဆို မိန်းမပျိုသည် ဝါးတိုင်ကိုဆုပ်ကာ အညိုရောင်ဝတ်စုံနှင့်လူငယ်၏ ပခုံးကို နင်းကာ အပေါ်သို့တက်ပြီး ဝါးလုံးကို တွယ်တက်သွားလေတော့၏။

“ဟင်”

*

# အခန်း(၃)

“ငွေ့အစ်ကို ချီပင်းနဲ့ ချီဂေဆိုတာ မီးနဂါးအတုတွေပါ၊ သူတို့က ငွေ့အစ်ကိုကို ချိန်းဆို တာဟာ ရိုးရိုးသားသား မဟုတ်ဘူး”

ငွေ့ဟုန်၏ ရင်ခွင်ထဲတွင် ခေါင်းမှီထားရင်း ဘီလူးမက ပြောလိုက်သည်။

“ဘာရည်ရွယ်ချက်နဲ့ပဲ ဖြစ်ဖြစ် အစ်ကို မသွားလို့မဖြစ်ဘူး၊ အစ်ကို့အတွက် သိုင်းလောကမှာ ထူးခြားပြီး ထိတ်လန့်စရာကောင်းတဲ့ သတင်းတစ်ပုဒ်ပေးမယ်လို့ ပြောတယ်လေ”

“ဘာသတင်းဖြစ်မလဲ”

ဘီလူးမက တိုးတုးမေးလိုက်သည်။

“ညီမနဲ့ ပတ်သက်တဲ့ သတင်းတဲ့...တစ်ဦးထဲ လာခဲ့ပါ”

“ဟင်”

“ဟုတ်တယ်...အစ်ကို သွားဖြစ်အောင် သွားရမယ်”

“ရှင့်အတွက် ကျွန်မ စိတ်မချဘူး”

“စိတ်မချ မဖြစ်ပါနဲ့...အစ်ကိုရဲ့ချိန်ခွင်သိုင်းကွက်နှစ်ဆယ်ကို ချီဂေဟာ မယှဉ်နိုင်ပါဘူး”

ငွေ့ဟုန်က ဂရုမစိုက်သည့် အနေအထားမျိုးဖြင့် ပြောလိုက်သည်။

“သူတစ်ယောက်ထဲဆိုရင် အကြောင်းမဟုတ်ဘူး၊ သူဟာ

ခွန်လုံဂိုဏ်းကြီးနဲ့လဲ ဘာလိုလို ဆိုတာ ကျွန်မ သတင်းရတယ်”

“ခွန်လုံဂိုဏ်းချုပ်ကြီးဂျူတိလုံရဲ့ သိုင်းပညာကိုရော အစ်ကိုက ကြောက်သင့်လို့လား”

“အင်း…ငှေ့အစ်ကိုက တားလို့ရမှာမှ မဟုတ်ဘဲ သွားပေါ့ သွား…သွား…သွား”

ဘီလူးမက ငှေ့ဟုန်ရင်ဂကို ဒေါသတကြီး ဆောင့်တွန်းကာ ထွက်ခွာလိုက်၏။

“ညီမ စိတ်ဆိုးသွားပြီလား”

“ဆိုးတာပေ့ါ…ငှေ့အစ်ကိုဟာ ကျွန်မ စကားကို နားမထောင်ဘဲ ဇွတ်လုပ်တာကိုး”

ဘီဘူးမက ပြေးထွက်သွားခဲ့တော့သည်။

“ညီမ…ညီမ”

ငှေ့ဟုန်သည် နောက်မှ ပြေးလိုက်လာသည်။

“ချွင်…ချလွင်”

ငှေ့ဟုန်၏ ခါးတွင် ချိတ်ဆွဲထားသော သံမဏိချိန်ခွင်ကြီးမှာ တချွင်ချွင်မည်လျက် ရှိလေ သည်။ ဘီလူးမက နောက်သို့ လှည့်မကြည့်တော့ပေ။ ထို့ကြောင့် ငှေ့ဟုန်သည် ကိုယ်ဖော့ပညာဖြင့် ဘီလူးမအရှေ့သို့ ဘွားခနဲ ခုန်ကာ ချလိုက်လေတော့သည်။

“ဟင်”

“ညီမ…အစ်ကို့ကို မုန်းသွားပြီလား”

“မုန်းတယ်…ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ ရှင်ဟာ ကျွန်မရဲ့ချစ်သူ

မဟုတ်တော့ဘူး”

“အို…ခုကိစ္စက သိုင်းလောကမှာ အစ်ကိုရဲ့ဂုဏ်သိက္ခာ”

“ဘာရှင့်…ရှင့်ရဲ့ဂုဏ်သိက္ခနဲ့ ရှင့်ရဲ့အသက် ဘယ်ဟာကို မြတ်နိုးသလဲ…ပြီးတော့ ရှင့်ချစ်သူ”

“အစ်ကိုရဲ့ ဂုဏ်သိက္ခာကို ဘာနဲ့မှ မလဲနိုင်ဘူး”

ဘီလူးမ လှည့်၍ ထွက်သွားလေတော့သည်။ ငွေ့ဟုန်မှာလည်း ဆက်လက်လိုက်ပါ သွားခြင်း မရှိတော့ပေ။

*